# ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
# ပြည်သူ့ကျန်းမာရေးဦးစီးဌာန

## ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂)
## မွမ်းမံသင်တန်း

## သက်ကြီးရွယ်အိုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း

# အပိုင်း(၁)

# သက်ကြီးရွယ်အိုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း

# နိဒါန်း

- မွေးနှုန်းကြမ်း (Crude Birth Rate)နှင့်
- သေနှုန်းကြမ်း (Crude Death Rate) များသည် နှစ်စဉ် ကျဆင်းလျက်ရှိ
- လူဦးရေတိုးမြင့်လာသည်နှင့်အမျှ အသက် ခြောက်ဆယ် နှင့် အထက်အုပ်စုသည်လည်း တိုးတက်များပြားလျက်ရှိ
- သက်ကြီးရွယ်အိုပုဂ္ဂိုလ်များ၏ လူမှုရေးနှင့်ကျန်းမာရေး ပြဿနာများ ထင်ရှားစွာကြီးထွားလာတော့မည်ဖြစ်သည်

## အမျိုးသားကျန်းမာရေးစီမံကိန်း(၁၉၉၃-၁၉၉၆)

- သက်ကြီးရွယ်အို များ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း စီမံချက်မှာ "လူထုကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းစဉ်" ခေါင်းစဉ်အောက်တွင်ပါဝင်

## အမျိုးသား ကျန်းမာရေးစီမံကိန်း (၂၀၁၁- ၂၀၁၆)

- သက်ကြီးရွယ်အိုများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း စီမံချက်မှာ "မိခင်မွေးကင်းစကလေး နှင့် ဘဝသက်တမ်းတစ်လျှောက်ကျန်းမာမှုတိုးတက်ရေးစီမံချက်" ခေါင်းစဉ် အောက်တွင်ပါဝင်

## အမျိုးသားကျန်းမာရေးစီမံကိန်း(၂၀၁၇-၂၀၂၁)

- သက်ကြီးရွယ်အိုကျန်းမာရေးစောင့်ရှောက်မှုသည် "(Basic Essential Package of Health Services)" တွင် တစ်ခုအပါ အဝင်ဖြစ်လာ၊ ပဏာမကျန်းမာရေးစောင့်ရှောက်မှုသဘော တရားကို အခြေခံထား

## "ကျန်းမာတက်ကြွသက်ကြီးဘဝ"

- ကျန်းမာရေးမြှင့်တင်ခြင်းနှင့် ရောဂါကာကွယ်တားဆီးခြင်း လုပ်ငန်းများအား အဓိကထားကာ သက်ကြီးရွယ်အိုကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရ မည်ဖြစ်

မြို့နယ်အလိုက် သက်ကြီးရွယ်အိုပုဂ္ဂိုလ်များ၏

- ကျန်းမာရေး၊ လူမှုရေး ပြဿနာများဖော်ထုတ်ခြင်း
- စီမံချက်ရေးဆွဲခြင်း
- လုပ်ငန်းဆောင်ရွက်ခြင်း
- ကြီးကြပ်ထိန်းသိမ်းခြင်းနှင့် ဆန်းစစ်ခြင်းတို့ကို အဆင့်ဆင့် ပြုလုပ်ကြရမည်ဖြစ်

- ပြီးပြည့်စုံသော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဆောင်ရွက်ရန် နိုးနှယ်ဌာနများ၊ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့များ၊ မိသားစုများအပါအဝင် ပြည်သူလူထုကိုယ်တိုင်ပူးပေါင်းပါဝင်မှုသည် အထူးအရေးပါကြောင်း တွေ့ရှိရပါသည်။

(သက်ကြီးပုဂ္ဂိုလ်များ ကြုံတွေ့ခံစားနေရသော ကျန်းမာရေး ပြဿနာများ – နက်နဲရှုပ်ထွေး၊ ကျန်းမာရေးဌာနမှ ဖြေရှင်း ပေးနိုင်သော အတိုင်းအတာထက်ကျော်လွန်နေ)

# “သက်ကြီးပုဂ္ဂိုလ်” ဆိုသည်မှာ

မြို့နယ်နှင့်ကျေးလက်၊ လူမျိုးဘာသာ၊ ဆင်းရဲချမ်းသာနှင့် အခြားမည်သည့်အခြေခံကွဲပြားမှုများ ရှိစေကာမူ မိမိဒေသအတွင်း နေထိုင်လျက်ရှိသည့် အသက် (၆၀) နှင့်အထက်လူပုဂ္ဂိုလ်၊ ယောက်ျားမိန်းမအားလုံးသည် အကျုံးဝင်ပါသည်။

# သက်ကြီးရွယ်အို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ပေါ်ပေါက်လာသော အကြောင်းရင်း

## (၁၉၈၃)ခုနှစ် လူဦးရေသန်းခေါင်စာရင်း

- မြန်မာနိုင်ငံတွင် သက်ကြီးပုဂ္ဂိုလ်များ အရေအတွက်သည် လူဦးရေစုစုပေါင်း၏ (၆.၄) ရာခိုင်နှုန်း (၂.၁ သန်း)

## (၂၀၁၄) ခုနှစ် သန်းခေါင်စာရင်း

- လူဦးရေစုစုပေါင်း၏ (၉) ရာခိုင်နှုန်း (၄. ၇ သန်း) အထိ တိုးတက်လာ
- ၂၀၅၀ ခုနှစ်တွင် လူဦးရေ စုစုပေါင်း ၏ (၂၀) ရာခိုင်နှုန်း တိုးပွား လာမည်ဟု ခန့်မှန်းထား

မြန်မာနိုင်ငံအတွင်း ပြုလုပ်ခဲ့သော သက်ကြီးပုဂ္ဂိုလ်များ၏ ကျန်းမာရေး၊ လူမှုရေးအခြေအနေကို လွှမ်းခြုံလေ့လာမှုစစ်တမ်းအရ တွေ့ရှိရသော ပြဿနာများအနက် အချို့မှာ –

**ကျန်းမာရေးပြဿနာများ**

- အမြင်အာရုံချို့ယွင်းခြင်း
- အကြားအာရုံချို့ယွင်းခြင်း
- ခန္ဓာကိုယ်အဆစ်အမြစ်ရောဂါများ
- အသက်ရှူလမ်းကြောင်းဆိုင်ရာ ပြဿနာများ
- နှလုံးသွေးကြောဆိုင်ရာပြဿနာများ

# လူမှုရေးနှင့်စိတ်ပိုင်းဆိုင်ရာပြဿနာများ

- သတိအမှတ်ချို့ယွင်းဖောက်ပြန်ခြင်း
- စိတ်ပိုင်းဆိုင်ရာချို့ယွင်းခြင်းနှင့် ငယ်မူပြန်ခြင်း
- အဖော်ကင်းဝေးငြီးငွေ့ခြင်း
- ကျန်းမာရေးနှင့်မညီညွတ်သော ပတ်ဝန်းကျင်တွင် နေထိုင်ခြင်း
- စားဝတ်နေရေး၊ စီးပွားရေးချို့တဲ့ခြင်း

# သက်ကြီးရွယ်အိုများအတွက် ကျန်းမာရေးစောင့်ရှောက်မှု လက်ရှိ အခြေအနေ

- သက်ကြီးရွယ်အို ကျန်းမာရေးစောင့်ရှောက်မှုကို သီးခြားဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါ
- သက်ကြီးရွယ်အိုများ၏ လက်ရှိအခြေအနေကို ဆန်းစစ်ရာတွင် သက်ကြီးပုဂ္ဂိုလ်(၁၀)ဦးတွင် တစ်ဦးသာ နေ့စဉ်လှုပ်ရှားသွားလာမှုဆိုင်ရာလုပ်ငန်းအားလုံးကိုလုပ်နိုင်ကြောင်း
- အဖြစ်အများဆုံးရောဂါများမှာ – အရိုးအဆစ်ရောင်ရောဂါများ၊ နာတာရှည်အဆုတ်လေပြွန်ရောဂါများ၊ သွေးတိုးရောဂါ၊ နှလုံး ရောဂါ၊ မျက်စိတိမ်စွဲခြင်းနှင့် သွားနှင့်ခံတွင်းဝေဒနာ

- သတိချို့ယွင်းမှု၊ စိတ်ပိုင်းဆိုင်ရာချို့ယွင်းမှု၊ အထီးကျန်ဘဝခံစားရနေမှု များလည်းရှိနေ
- ယင်းလူမှုရေးနှင့် ဆက်နွယ်သောဝေဒနာများကို ထိထိရောက်ရောက် စောင့်ရှောက်ပေးနိုင်ခြင်းမရှိသေးပါ
- ယခုအခါ တစ်နိုင်ငံလုံး၏ ကျေးလက်ကျန်းမာရေးဌာန/ ဌာနခွဲ များတွင် သွေးတိုးဆီးချိုစမ်းသပ်စစ်ဆေးခြင်းဆေးခန်းတွင် သက်ကြီးရွယ်အိုများအား ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိသော်လည်း ကျန်းမာရေးဝန်ထမ်းများ ကိုယ်တိုင်ပင် သက်ကြီးရွယ်အိုများကို အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် အသိပညာ၊ ကျွမ်းကျင်မှု၊ ခံယူထားရမည့်သဘောထားများ လိုအပ်လျက်ရှိပါသည်။

# ကျန်းမာရေးစောင့်ရှောက်မှုအခြေခံသဘောတရား

ကျန်းမာရေးစောင့်ရှောက်မှုသည် –

ကျန်းမာလျက်ရှိနေသောအုပ်စုနှင့် မကျန်းမာသောအုပ်စု နှစ်မျိုးစလုံးနှင့် သက်ဆိုင်ပါသည်။

" ပြီးပြည့်စုံသောကျန်းမာရေးစောင့်ရှောက်မှု"

(Comprehensive Health Care) ပေးရန်လိုအပ်

“ ပြီးပြည့်စုံသောကျန်းမာရေးစောင့်ရှောက်မှု”
(Comprehensive Health Care) တွင် အောက်ဖော်ပြပါ စောင့်ရှောက်မှု (၄) မျိုးပါဝင်ပါသည် –

- ကျန်းမာရေးမြှင့်တင်စောင့်ရှောက်မှု(Health Promotion)
- ကြိုတင်ကာကွယ်စောင့်ရှောက်မှု (Prevention)
- ကုသစောင့်ရှောက်မှု (Curative)
- ပြန်လည်ထူထောင်စောင့်ရှောက်မှု (Rehabilitation)

# ရည်မှန်းချက်များ

သက်ကြီးရွယ်အိုများသည် သက်ကြီးရွယ်အို ကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုလက်လှမ်းမှီပြီး ၄င်းတို့၏ ကျန်းမာရေးအဆင့် တိုးတက်မြင့်မားလာစေရန်

## မဟာဗျူဟာများ

(က) မိခင်၊ ကလေး၊ ဆယ်ကျော်သက်နှင့် သက်ကြီးရွယ်အို၊ လူပုဂ္ဂိုလ်အုပ်စုအားလုံးအတွက် ဦးတည် လျက် ဘဝသက်တမ်းတစ်လျှောက် ကျန်းမာရေး စောင့်ရှောက်မှု ဆောင်ရွက်ခြင်း၊

(ခ) ဆောင်ရွက်မည့် လုပ်ငန်းများကို လက်တွေ့ အကောင်အထည်ဖော်သည့် အဆင့်တိုင်းတွင် ပေါင်းစည်းဆောင်ရွက်ခြင်း

(ဂ) သက်ကြီးရွယ်အို ကျန်းမာရေးစောင့်ရှောက်မှု များကို မိသားစုနှင့် ပြည်သူလူထုပူးပေါင်းပါဝင်မှု ရှိအောင်စည်းရုံးဆောင်ရွက်ခြင်း။

(ဃ)ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအတွက် လိုအပ်သည့် အရည်အသွေးပြည့်ဝသည့် ကျန်းမာရေး စောင့်ရှောက်မှုစနစ်ကို အကောင်အထည်ဖော်ခြင်း

# အခြေခံကျန်းမာရေးဝန်ထမ်းများနှင့်စေတနာ့ဝန်ထမ်းကျန်းမာရေးလုပ်သားများ၏ လုပ်ငန်းတာဝန်များ

၁။ မြို့နယ်အတွင်း သက်ကြီးရွယ်အိုကျန်းမာရေးနှင့် သက်ဆိုင်သော အချက်အလက်များ ကောက်ယူ ရာတွင် မိမိတာဝန်ကျသည့် ရပ်ကွက်၊ ကျေးရွာ၌ ပါဝင်ကူညီ ဆောင်ရွက်ရမည်။

၂။ မိမိတာဝန်ကျသည့်ရပ်ကွက်၊ ကျေးရွာ၌ရှိသော သက်ကြီး ရွယ်အိုများကို စာရင်းပြုစု၍ မှတ်တမ်း တင်ထားရမည်။

၃။သက်ကြီးရွယ်အို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း များကို ဒေသအတွင်းရှိ စေတနာ့ဝန်ထမ်း အဖွဲ့အစည်း များ၊ ဌာနဆိုင်ရာပုဂ္ဂိုလ်များနှင့် ညှိနှိုင်း၍ ပူးပေါင်း ဆောင်ရွက်ကြရမည်။

၄။သက်ကြီးရွယ်အိုများ၏ ကျန်းမာရေးမြှင့်တင်ရန်နှင့် ရောဂါများကို ကြိုတင်ကာကွယ်ရန်အတွက် ကာယကံရှင် သက်ကြီးပုဂ္ဂိုလ်များ၊ မိသားစုဝင်များ၊ ဆွေမျိုးများနှင့် စောင့်ရှောက်သူများကို စနစ်တကျ ကျန်းမာရေးပညာပေးရမည်။

၅။ဒေသအတွင်း သက်ကြီးပုဂ္ဂိုလ်များ၏ ကာယကြံ့ခိုင်မှုလေ့ကျင့်ရေး အစီအစဉ်တွင် ကိုယ်တိုင်ပါဝင် ကူညီဆောင်ရွက်ရမည်။

၆။သက်ကြီးပုဂ္ဂိုလ်များ စုဝေးတွေ့ဆုံခြင်း၊ ဆွေးနွေး ခြင်းနှင့် လူမှုကျန်းမာရေး၊ စိတ်ကျန်းမာရေးပံ့ပိုးမှု လုပ်ငန်းများ တွင် ပါဝင်ဆောင်ရွက်ရမည်။

၇။သက်ကြီးပုဂ္ဂိုလ်များ၌ ဖြစ်ပေါ်သော ရောဂါဝေဒနာများ ကိုစစ်ဆေးကြည့်ရှု၍ ပဏာမကုသစောင့်ရှောက်ခြင်း၊ ဆေးရုံ၊ ဆေးခန်းများသို့ စနစ်တကျ ညွှန်းပို့ခြင်းတို့ ပြု လုပ်ရမည်။

၈။သက်ကြီးပုဂ္ဂိုလ်များ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်း ဆောင်ရွက်ချက်များကို မှတ်တမ်းများ ပြုစု ထား ရှိရမည်။

၉။ဒေသ၏ သက်ကြီးရွယ်အိုကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းကို ဆန်းစစ်ရာတွင် ပါဝင်ကူညီ ဆောင်ရွက်ရ မည်။